STARCITY VIBER CHANNEL

SECURITY HELP DESK
09 765 444 638

CUSTOMER CARE
customercare@yomaland.com




## ESTATE MANAGEMENT OFFICES

A5 Office (Zone A, B & The Aurora)
CL4 Office (City Loft & City Villas)
Galaxy Office T2,T4 (Galaxy & Star Villas)

STARCITY

# WELCOME TO STARCITY

## COMMUNITY GUIDELINES BOOKLET

လေးစားအပ်ပါသော အိမ်ရာနေထိုင်သူ မိသားစုများနှင့် ဧည့်သည်တော်များ မင်္ဂလာပါ

သဘာဝအိုအေစစ်မြို့လေးတစ်မြို့ ဖြစ်တဲ့ StarCity အိမ်ရာကနေ နွေးထွေးစွာ ကြိုဆိုလိုက်ပါတယ်။ StarCity ဟာ သဘာဝ ဥယျာဉ်များ၊ သစ်ပင်ပန်းမန်များနဲ့ စိမ်းစို သာယာလျက်ရှိတဲ့ အိမ်ရာဖြစ်ပါတယ်။ StarCity အိမ်ရာကို သဘာဝနဲ့ အနီးစပ်ဆုံးဖြစ်အောင် ဖန်တီးပုံဖော်ထားရုံ သာမက ခေတ်မီဒီဇိုင်းလက်ရာများနဲ့ပါ ပေါင်းစပ်ဖွဲ့စည်း ဆောက်လုပ်ထားပါတယ်။ ဒါကြောင့် သာယာလှပတဲ့ StarCity အိမ်ရာအတွင်းမှာ နေထိုင်ကြသူများနှင့် လာရောက်ကြတဲ့ ဧည့်သည်တော်များအနေနဲ့ အိမ်ရာအတွင်း အနှောင့်အယှက်ဖြစ်စေသော အရာများကို မပြုလုပ်မိစေရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။

Dear Residents and Visitors,

Welcome to StarCity, our home. StarCity is a Natural Oasis, a peaceful town that reflects the harmony of nature. The only large-scale residential development that encompasses vast unpolluted natural gardens and landscapes, StarCity promotes living close to nature while also enjoying the efficiency and comfort of modern amenities and facilities. As we welcome our residents and visitors wholeheartedly to enjoy our beautiful estate, we kindly urge you to follow our estate rules and regulations to avoid disturbing the tranquility and beauty of our home.

# COMMUNITY GUIDELINES

## GARBAGE DISPOSAL

အမှိုက်ပုံးများအား အိမ်ရာ၏နေရာအနှံ့အပြားတွင် ထားရှိပေးထားပါသည်။ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ စည်းကမ်းမဲ့အမှိုက်မပစ်ခြင်းဖြင့် ကျွန်ုပ်တို့အိမ်ရာသန့်ရှင်းသာယာမှုကို ဝိုင်းဝန်းကူညီပေးပါ။

Garbage bins are available throughout the estate. Please help keep our estate clean and green by disposing garbage properly and avoid littering.

## SMOKING/VAPING

သတ်မှတ်ထားသော ဆေးလိပ်သောက်ရန် နေရာများတွင်သာ ဆေးလိပ် သောက်သုံးခြင်းဖြင့် လတ်ဆတ်သန့်ရှင်းသော သဘာဝလေထုအား ထိန်းသိမ်းကြပါစို့ ။

Smoking is allowed only in designated areas within the estate. Kindly help us maintain our air clean and fresh by using these areas for smoking.

## BETEL NUT CHEWING

အိမ်ရာအတွင်း ကွမ်းစားခြင်းအား တင်းကျပ်စွာ တားမြစ်ထားပါသည်။ ကွမ်းတံတွေး အစွန်းအထင်း ကင်းစင်သော လူမှုပတ်ဝန်းကျင်အား တည်ဆောက်ကြပါမည်။

Betel nut chewing is strictly prohibited within our estate. Please help us maintain a clean environment by keeping our estate free from betel nut stains.

## PEST-FREE: NO FEEDING STRAYS

လေလွင့်ခွေးနှင့်တိရိစ္ဆာန်များ အစာကျွေးခြင်းသည် မလိုအပ်သောရောဂါပိုးမွှားများ ပေါက်ဖွားစေသည့်အတွက် ကြွက်နှင့်ပိုးမွှား ကင်းစင်သော နေအိမ် ပတ်ဝန်းကျင်တစ်ခု ဖြစ်စေရန် ၎င်းတို့အား အစာမကျွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

Please refrain from feeding stray dogs and other animals within the estate. Feeding them can lead to pest infestations. Let's work together to keep our estate free of rodents and pests.

## LEASH AND SCOOP

မိမိတို့ချစ်ခင်သော အိမ်မွေးတိရိစ္ဆာန်လေးများအား ထိန်းကြိုးတပ်ခြင်း၊ မစင်စွန့်ပြီးတိုင်း သိမ်းဆည်း ပေးခြင်းဖြင့် အိမ်နီးချင်းများအတွက် လုံခြုံ၍ ကျန်းမာသန့်ရှင်းသော လူမှုပတ်ဝန်းကျင်တစ်ခု ဖြစ်စေပါသည် ။

Please ensure your dog is always kept on a leash and remember to clean up after them. Let's keep our community safe and clean for everyone.

## ENJOY, DON'T PICK

ကြယ်စင်အိမ်ရာသည် သစ်ပင်နှင့်အသီးအနှံပန်းမန်တို့ စုစည်းရာ သဘာဝ အိုအေစစ်တစ်ခု ဖြစ်ပါသည်။ ပန်းနှင့်အသီးအရွက်များ မခူးခြင်းဖြင့် ၎င်းလှပမှုများအား ရေရှည်တည်တံ့အောင် ကာကွယ် စောင့်ရှောက်နိုင်ပါသည် ။

Our estate is a natural oasis, home to wildflowers, fruits, and beautiful trees. Please help preserve its beauty and keep our community green by not picking flowers, fruits, or leaves.

## DRIVE SAFELY

ဤနေရာသည် ခလေးငယ်များနှင့်သက်ကြီးမိဘများ အနားယူနေထိုင်ရာ ကျွန်ုပ်တို့အိမ် ဖြစ်ပါသည်။ ဘေးအန္တရာယ်ကင်းရှင်းစေရန် အိမ်ရာအတွင်း တစ်နာရီလျှင် ၂၀ ကီလိုမီတာ နှင့် လမ်းမပေါ်တွင် တစ်နာရီလျှင် ၄၀ ကီလိုမီတာ အရှိန်နှုန်း ဖြင့်သာ ဂရုပြု မောင်းနှင်ပေးပါ။

This is our home, where children and the elderly enjoy spending time outdoors. Please respect the speed limits: 20 km/h in residential areas and 40 km/h on the main roads, for everyone's safety.

## BE MINDFUL OF NOISE LEVELS

စိတ်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်အား လူတိုင်းမြတ်နိုးတန်ဖိုးထားကြသည့်အတွက် ဆူညံသံအား ထိန်းချုပ်ရန် သတိချပ်သင့်ပါသည် ။

Quiet and peaceful environment is one of the most important things, the community values. Whilst quiet enjoyment is the right of every household and family, remember to keep excessive noise under control.

## CARE AND PROTECT

သင့်ကြောင့် မိမိတို့အိမ်ရာရှိ အများပိုင်နေရာများ မပျက်စီးစေပါနှင့်။ အိမ်ရာ၏ သာယာမှုကိုခံစားရင်း မိမိတို့ ပတ်ဝန်းကျင်အား ဂရုပြု စောင့်ရှောက်ပေးရန် တိုက်တွန်းအပ်ပါသည် ။

Please do not damage any of our estate's properties, facilities, or amenities during your visit. We encourage you to enjoy the beauty of our community while being mindful of your surroundings.

## PERSONAL BELONGING

လူသွားစင်္ကြန်/လှေကားလမ်းများ ပိတ်ဆို့မှု နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးကဏ္ဍတွင် အဟန့်အတားဖြစ်စေသည့် အတွက် ကိုယ်ပိုင်ပစ္စည်းများအား အများပိုင်နေရာများတွင် မထားရှိခြင်းဖြင့် စနစ်ကျပြီးသပ်ရပ်မှုအား ထိန်းသိမ်းနိုင်ပါသည်။

Keep common areas organized and free of clutter by avoiding the use of personal belongings. Leaving items behind may obstruct pathways and pose safety risks.

## IMPORTANCE OF REGISTRATION

ပုဂ္ဂိုလ်ရေးရာအချက်အလက်များ ၊ အိမ်မွေးတိရိစ္ဆာန်လေးများနှင့် မော်တော်ယဉ်များအား စာရင်းပေးသွင်းခြင်း ပိုမိုလုံခြုံစိတ်ချမှုရှိရန်နှင့် အရေးပေါ်အခြေအနေ / ထူးခြားဖြစ်စဉ်များအား အချိန်နှင့် တပြေးညီဆက်သွယ်နိုင်ရန် အထောက်အကူဖြစ်စေသည် ။

Registering your occupancy information, beloved pets and vehicles create a safer and more connected. These data will help us in manage the beautiful estate and providing services more efficiently